3 Mg Mg climbs the tree every day.
4 Tun Tun cleans the blackboard every day.
5 They help their mother every day.
6 I count the money every day.
7 Daw Aye makes some cakes every day.
8 U Aye comes home from work at six o'clock every day.
9 The children work hard every day.
10 I do my homework every day.

**2 *Rewrite the following sentences in the present perfect tense.***

1 He wrote a letter.
2 She drew a map.
3 I drove the car.
4 The boys saw a lion.
5 The girls swept the floor.
6 Daw Su washed the clothes.
7 Mg Myo mended the chair.
8 Tun Tun helped his mother.
9 Hla Hla broke the glass.
10 The mouse ran into the hole.

**3 *Fill each blank with a suitable word.***

1 She is very b__________. She has a lot of work to do.
2 He felt t__________ after a day's hard work.
3 I always wear c__________ clothes.
4 I don't r__________ your name.
5 Mother has m__________ my shirts.

**4 *Fill each blank with a suitable preposition.***

1 He came home from work __________ six o'clock.
2 He sat down __________ a comfortable chair.
3 Mother cooked a very nice meal __________ us.
4 My shirt has a hole __________ it.
5 I have mended the leg __________ my chair.

## POEM

## The Owl

### ၁။ ဝေါဟာရများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| owl | အောင်း(လ်) | *n* | ဇီးကွက် | less | လက်(စ်) | *det, pron* | (ထက်)နည်းသော၊ နည် နည်း၊ အနည်းငယ် |
| wise | ဝိုက်(ဇ်) | *adj* | ဉာဏ်ရှိသော၊ အမြော် အမြင်ရှိသော | spoke | စပုတ်(ခ်) | *v* | (စကား) ပြောခဲ့သည် |
| sit | ဆစ်(ထ်) | *v* | ထိုင်သည် | aren't | | *modal v* | (are not ၏ အတို ကောက် စကားလုံး) |
| sat | ဆဲက်(ထ်) | *v* | ထိုင်ခဲ့သည် | | | | |
| oak | အုတ်(ခ်) | *n* | ဝက်သစ်ချပင် | old | အိုး(လ်ဒ်) | *adj* | အိုသော၊ ကြီးရင့်သော |
| more | မော | *det, pron* | (ထက်)ပိုသော၊ နောက် ထပ် | bird | ဘား(ဒ်) | *n* | ငှက် |

## ၂။ ဖြည့်စွက်ဖတ်စာအုပ်ပါ ဖတ်ရန်ကဗျာ

### The Owl

A wise old owl sat on an oak,
The more he saw the less he spoke,
The less he spoke the more he heard,
Why aren't we like that wise old bird?

EDWARD H. RICHARDS

### ဇီးကွက်

အမြော်အမြင်ရှိသော ဇီးကွက်အိုတစ်ကောင် ဝက်သစ်ချပင်ပေါ်တွင် ထိုင်နေသည်။
သူသည် များများ မြင်လေ၊ နည်းနည်း ပြောလေပဲ။
သူသည် နည်းနည်း ပြောလေ၊ များများ ကြားလေပဲ။
ဘာကြောင့် ကျွန်တော်တို့လည်း ထိုအမြော်အမြင်ရှိသော ငှက်အိုကြီးကဲ့သို့ မဖြစ်နိုင်ရမလဲ။

အက်(ဒ်)ဝါ့(ဒ်) အိတ်(ချ်) ရစ်ချာ့(ဒ်ဇ်)

## LESSON 5 The Foolish Man

### ၁။ ဝေါဟာရများ

**Exercises**

| | | | |
|---|---|---|---|
| broken | ဘရုတ်ခန်း(န်) | *v* | ချိုးသွားပြီ၊ ကျိုးသွားပြီ |
| someone | ဆမ်း(မ်)ဝမ်း(န်) | *pron* | တစ်စုံတစ်ယောက်၊ တစ်ယောက်ယောက် |
| blouse | ဘလောက်အင်္ကျီ | *n* | ဘလောက်အင်္ကျီ |
| torn | တော(န်) | *v* | ဆုတ်ဖြဲသွားပြီ၊ ပေါက်ပြဲသွားပြီ |
| matter | မဲက်တား | *n* | အကြောင်း၊ ကိစ္စ၊ ပြဿနာ |
| What is the matter? | | | ဘာဖြစ်သလဲ |
| different | ဒစ်ဖရန့်(ထ်) | *adj* | အမျိုးမျိုး၊ ကွဲပြားသော |
| possible | ပေါ့စဘဲ့(လ်) | *adj* | ဖြစ်နိုင်သော၊ ရနိုင်သော |
| handkerchief | ဟဲင်းကာ့ချစ်(ဖ်) | *n* | လက်ကိုင်ပဝါ |
| ended | အင်းန်ဒစ်(ဒ်) | *v* | အပြီးသတ်သွားပြီ၊ အဆုံးသတ်သွားပြီ၊ ဆုံးသွားပြီ |
| all | အော(လ်) | *det* | အားလုံး |
| live | လစ်(ဗ်) | *v* | နေထိုင်သည် |
| long | လွန်း(ဂ်) | *adj* | ကြာသော |
| a long time | | | အချိန်ကြာမြင့်စွာ |
| oral | အောရာ့(လ်) | *adj* | နှုတ်ပြော |
| uncle | အန်းကာ့(လ်) | *n* | ဦးကြီး၊ ဦးလေး |
| aunt | အန့်(ထ်) | *n* | ကြီးတော်၊ အဒေါ် |
| new | နယူး | *adj* | အသစ် |
| put away | | *PHR V* | သိမ်းသည် |
| sell | ဆက်(လ်) | *v* | ရောင်းသည် |
| sold | ဆိုး(လ်ဒ်) | *v* | ရောင်းခဲ့သည် |
| house | ဟောက်(စ်) | *n* | အိမ် |
| banana | ဘာ့နားနာ့ | *n* | ငှက်ပျောသီး |
| parcel | ပါးဆာ့(လ်) | *n* | အထုပ်၊ ပါဆယ်ထုပ်၊ ချောထုပ် |

**Passage**

| | | | |
|---|---|---|---|
| foolish | ဖူးလစ်(ရှ်) | *adj* | စဉ်းစားဉာဏ် မရှိသော၊ မိုက်မဲသော |
| something | ဆမ်း(မ်)သင်း(ဂ်) | *pron* | တစ်စုံတစ်ခု၊ တစ်ခုခု |

| | | | |
|---|---|---|---|
| wife | ဝိုက်(ဖ်) | *n* | ဇနီး၊ မယား |
| thank | သဲင့်(ခ်) | *v* | ကျေးဇူးတင်သည် |
| gold | ဂိုး(လ်ဒ်) | *n* | ရွှေ |
| ring | ရင်း(ဂ်) | *n* | လက်စွပ် |
| here | ဟီးယား | *adv* | (လေးနက်စေရန်အတွက် ဝါကျ၏ အစတွင် ထားသည်) ဒီမှာ |
| there | သဲ(ယား) | *adv* | ဟိုမှာ |
| dropped | ဒရော့(ပ်ဒ်) | *v* | လွတ်ကျခဲ့သည် |
| dear | ဒီးယား | *interj* | (အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ သနားခြင်း စသည်တို့ကို ဖော်ပြသော အာမေဍိတ် စကား) |
| dark | ဒါး(ခ်) | *adj* | မှောင်မည်းသော၊ အလင်းရောင် မရှိသော |
| inside | အင်ဆိုက်(ဒ်) | *prep* | အတွင်းတွင် |
| outside | အောက်ဆိုက်(ဒ်) | *prep* | အပြင်ဘက်တွင် |
| just | ဂျတ်(စ်ထ်) | *adv* | တိတိ၊ အံကိုက် |
| then | သင်းန် | *adv* | ထိုအချိန် |
| friend | ဖရင်းန်(ဒ်) | *n* | မိတ်ဆွေ၊ သူငယ်ချင်း |
| ask | အား(စ်ခ်) | *v* | မေးမြန်းသည်၊ စုံစမ်းသည် |
| anything | | *n, pron* | (ငြင်းပယ်ဝါကျများနှင့် မေးခွန်းများတွင် something အစား သုံးသည်) ဘာတစ်ခုခု၊ ဘာ |
| lose | လူး(ဇ်) | *v* | ရှာမတွေ့ဖြစ်သည်၊ ပျောက်ဆုံးသည် |
| lost | လော့(စ်ထ်) | *v* | ရှာမတွေ့ဖြစ်ခဲ့သည်၊ ပျောက်ဆုံးခဲ့သည် |
| ah | အား | *interj* | ဟော၊ ဟေ၊ အဲ (အံ့အားသင့်မှု၊ သဘောမတူညီကြောင်း ပြောရာ၌ အာလုပ်ပုဒ်အဖြစ် သုံးသည်) |
| where | ဝဲ(ယား) | *adv* | ဘယ်မှာ၊ ဘယ်က၊ ဘယ်ကို |
| light | လိုက်(ထ်) | *n* | အလင်းရောင် |
| clearly | ကလီးယားလီး | *adv* | ကြည်ကြည်လင်လင် |
| silly | ဆစ်လီး | *adj* | ဦးနှောက်မရှိသော၊ မိုက်မဲသော |

## ၂။ ကြိယာသဏ္ဌာန်များ

**Passage**

| | | | | |
|---|---|---|---|---|
| hold | held | held | holding | (ကိုယ်ဟန်အနေအထား တစ်မျိုးမျိုး) ထားသည်၊ နေသည် |
| sell | sold | sold | selling | ရောင်းသည် |
| ride | rode | ridden | riding | စီးနင်းသည် |
| live | lived | lived | living | နေထိုင်သည် |
| end | ended | ended | ending | အပြီးသတ်သည်၊ အဆုံးသတ်သည်၊ ဆုံးသည် |

## ၃။ စကားလုံးတွဲများ

**Exercises**

| | | | | |
|---|---|---|---|---|
| as many as | များနိုင်သမျှ များများ | take away | | သယ်ဆောင်သည် |
| all the food | စားစရာအားလုံး | put away | *PHR V* | သိမ်းသည် |


**Passage**

| | | | |
|---|---|---|---|
| went home to his wife | သူ၏ ဇနီးထံ အိမ်သို့ ပြန်ခဲ့သည် | held it out | ထိုဟာကို မြှောက်ပြခဲ့သည် |
| | | look for | ရှာသည် |

| | | | | |
|---|---|---|---|---|
| here it is | (လေးနက်စေရန်အတွက် ဝါကျ၏ အစတွင် ထားသည်) ဟောဒီမှာ | went outside the house | | အိမ်အပြင်သို့ ထွက်သွားခဲ့သည် |
| | | just then | | ထိုအချိန်မှာပဲ |
| on the floor | ကြမ်းပြင်ပေါ်တွင် | came along | *PHR V* | ရောက်လာခဲ့သည် |
| inside the house | အိမ်ထဲမှာ | seem very foolish | | အလွန်မိုက်မဲပုံ ပေါက်သည် |
| in the street | လမ်းထဲမှာ | at first | *IDM* | ပထမတွင်၊ ကနဦးတွင် |

## ၄။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာနှင့် လေ့ကျင့်ခန်းများ

***1 Read.***



The pencil is broken. ခဲတံ ကျိုးနေသည်။
Someone has broken it. တစ်ယောက်ယောက်က ၎င်းကို ချိုးသွားပြီ။



The blouse is torn. ဘလောက်အင်္ကျီ ပြဲနေသည်။
Someone has torn it. တစ်ယောက်ယောက်က ၎င်းကို ဆုတ်ဖြဲသွားပြီ။



The shoes are clean. ရှူးဖိနပ်များ သန့်ရှင်းနေသည် (ပြောင်လက်နေသည်)။
Someone has cleaned them. တစ်ယောက်ယောက်က ၎င်းတို့ကို တိုက်ချွတ်သွားပြီ။

***2 The teacher will ask you this question:*** **What's the matter?** ***Give as many different meaningful answers as possible. Use this table.***

| | | | |
|---|---|---|---|
| I have | broken<br>lost<br>dropped<br>torn | my | ruler.<br>pencil.<br>shirt.<br>handkerchief.<br>pen. |

***3 Give answers like the ones in bold letters.***

e.g.- Have they eaten their breakfast? (Yes) **Yes, they have.**
Has Kyaw Kyaw lost his ruler? (No) **No, he hasn't.**
Have the boys bought new shirts? (No) **No, they haven't.**

1 Has Mg Myo found his pencil? (No)
2 Has Kyaw Kyaw torn his shirt? (Yes)
3 Has the lesson begun? (Yes)
4 Has the lesson ended? (No)
5 Has Si Si written a letter? (Yes)
6 Has she posted it? (No)
7 Have the boys done their homework? (Yes)
8 Have the children eaten all the food? (No)
9 Have they lived here a long time? (Yes)
10 Have the children read all the books? (No)

3 He finished the book last night.
What has he finished? ________________.
When did he finish it? ________________.

4 She wrote two letters this morning.
What has she written? ________________.
When did she write them? ________________.

5 He posted the parcel this morning.
What has he posted? ________________.
When did he post it? ________________.

6 He sold his car last week.
What has he sold? ________________.
When did he sell it? ________________.

7 He bought a new shirt yesterday.
What has he bought? ________________.
When did he buy it? ________________.

***8 Read aloud and spell.***

| | | | |
|---|---|---|---|
| wide | ဝိုက်(ဒ်) | | ကျယ်သော၊ ကျယ်ဝန်းသော |
| knife | နိုက်(ဖ်) | | ဓား |
| beside | ဘစ်ဆိုက်(ဒ်) | | ဘေးတွင်၊ ကပ်လျက် |
| drive | ဒရိုက်(ဗ်) | | ယာဉ်မောင်းသည် |
| divide | ဒစ်ဗိုက်(ဒ်) | | ၁။ ခွဲသည်၊ စိတ်ပိုင်းသည် ၂။ စားသည် (သင်္ချာ) |
| exercise | အက်(ခ်)ဆာ့ဆိုက်(ဇ်) | | ၁။ ကိုယ်လက်လှုပ်ရှားခြင်း ၂။ လေ့ကျင့်ခန်း |
| five | ဖိုက်(ဗ်) | | ငါး |
| fine | ဖိုင်း(န်) | | နေကောင်းသော၊ ကျန်းမာသော |
| hide | ဟိုက်(ဒ်) | | ပုန်းသည်၊ ပုန်းရှောင်သည် |
| ice | အိုက်(စ်) | | ရေခဲ |
| ice-cream | အိုက်(စ်)ခရီး(မ်) | | ရေခဲမုန့် |
| line | လိုင်း(န်) | | ၁။ မျဉ်းကြောင်း ၂။ စာတန်း၊ စာကြောင်း |
| mile | မိုင်း(လ်) | | (တစ်)မိုင် |
| prize | ပရိုက်(ဇ်) | | (ဂုဏ်ပြု)ဆု |
| rice | ရိုက်(စ်) | | ၁။ စပါးပင် ၂။ ဆန်စေ့၊ စပါးစေ့ |
| ride | ရိုက်(ဒ်) | *v* | ၁။ စီးနင်းသည်၊ စီးသည် ၂။ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသည်၊ *n* ယာဉ်စီးနင်းခြင်း |
| ripe | ရိုက်(ပ်) | | မှည့်သော |
| side | ဆိုက်(ဒ်) | | ၁။ — ဘက်ခြမ်း၊ — ဘက် ၂။ ဘေး |
| smile | စပိုင်း(လ်) | *v* | ပြုံးသည်၊ ပြုံးပြသည်၊ *n* အပြုံး၊ ပြုံးခြင်း |
| time | တိုင်း(မ်) | | ၁။ အချိန်၊ နာရီ ၂။ အကြိမ်၊ အခါ |
| twice | တွိုက်(စ်) | | နှစ်ကြိမ် |
| white | ဝိုက်(ထ်) | *adj* | ဖြူသော၊ အဖြူရောင် |
| wife | ဝိုက်(ဖ်) | | ဇနီး၊ မယား |

| | | |
|---|---|---|
| write | ရိုက်(ထ်) | (စာ)ရေးသည် |
| writing | ရိုက်ထင်း(ဂ်) | ၁။ စာရေးခြင်း ၂။ လက်ရေး |

9 **The Foolish Man**

**စဉ်းစားဉာဏ်မရှိသော သူ**

One day a man went home to his wife and said, "I have bought something for you!"
တစ်နေ့သောအခါ လူတစ်ဦးသည် သူ့ဇနီးထံ အိမ်သို့ ပြန်လာပြီး "ငါ မင်းဖို့ တစ်စုံတစ်ခု ဝယ်လာခဲ့တယ်" ဟု ပြောသည်။


"Oh, thank you!" said his wife. "What have you bought?"
"အို၊ ကျေးဇူးတင်ပါတယ်" ဟု သူ၏ဇနီးက ပြောလိုက်သည်။ "ရှင် ဘာများ ဝယ်လာသလဲ"

"I have bought a gold ring. Here it is!"
"ငါ ရွှေလက်စွပ်တစ်ကွင်း ဝယ်လာတယ်။ ဟောဒီမှာ"

He held it out for his wife to see. Then he dropped it.
သူသည် ထိုဟာကို သူ၏ဇနီး မြင်နိုင်စေရန် ထုတ်ပြသည်။ ထို့နောက် ထိုအရာ လွတ်ကျသွားသည်။

"Oh dear!" he said. "I have dropped it."
"အို - ဘုရားရေ။ ငါ လွတ်ကျသွားပြီ" ဟု သူက ပြောလိုက်သည်။

He began to look for it on the floor but it was dark inside the house and he could not see anything.
သူသည် ထိုဟာကို ကြမ်းပြင်ပေါ်တွင် စတင်ရှာဖွေသည်။ သို့သော် အိမ်ထဲမှာ မှောင်မည်းနေ၍ သူ ဘာကိုမျှ မမြင်ရချေ။
He went outside the house and began to look for the ring in the street.
သူသည် အိမ်အပြင်သို့ ထွက်၍ လမ်းထဲမှာ လက်စွပ်ကို စတင် ရှာဖွေတော့သည်။
Just then a friend came along.
အဲဒီအချိန်မှာပဲ မိတ်ဆွေတစ်ယောက် ရောက်လာသည်။



"What's the matter?" he asked.
"ဘာဖြစ်သလဲ" ဟု သူက မေးလိုက်သည်။

"I have lost a ring," said the man.
"ငါ လက်စွပ် ပျောက်သွားပြီ" ဟု ထိုသူက ပြောပြသည်။

"Where did you lose it?"
"မင်း ဘယ်မှာ ပျောက်သွားခဲ့သလဲ"

"I lost it inside my house."
"ငါ အိမ်ထဲမှာ အဲဒါ(လက်စွပ်)ကို ပျောက်သွားခဲ့တယ်"

"You lost your ring inside your house but you are looking for it outside in the street! That seems very foolish!"
"မင်းလက်စွပ်က အိမ်ထဲမှာ ပျောက်တယ်။ ဒါပေမဲ့ မင်းက အပြင်ထွက်ပြီး လမ်းထဲမှာ ရှာနေတယ်။ အဲဒါ စဉ်းစားဉာဏ် သိပ်မရှိတာပေါ့"

"Ah," said the man, "but it is dark inside my house. I shall never find it there. But here in the street there is more light and I can see more clearly."
"အား၊ ဒါပေမဲ့ ငါ့အိမ်ထဲမှာက မှောင်မည်းနေတယ်။ လက်စွပ်ကို အဲဒီမှာ ဘယ်တော့မှ တွေ့မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီလမ်းထဲမှာတော့ ပိုလင်းပြီး ပိုကောင်းကောင်း မြင်နိုင်တယ်" ဟု ထိုသူက ပြောလိုက်သည်။

***A Choose the best answer. Try not to look at the story.***

1 The man bought a gold (clock, ring, pen).
2 He bought it for his (father, mother, wife).
3 The man lost the ring in the (house, street, shop).
4 There was more light (inside, outside) the house.
5 The friend thought that the man was (silly, wise, clever).

***B Answer the questions.***

1 Who dropped the ring?
ဘယ်သူ လက်စွပ် လွတ်ကျသွားခဲ့သနည်း။
2 Where did the man look for the ring at first?
ပထမတွင် ထိုလူ လက်စွပ်ကို ဘယ်မှာ ရှာဖွေခဲ့သနည်း။
3 Where did he next look for the ring?
ထို့နောက် သူ လက်စွပ်ကို ဘယ်မှာ ရှာဖွေခဲ့သနည်း။
4 Did he find the ring?
သူ လက်စွပ်ကို တွေ့ခဲ့သလား။
5 Who saw him in the street?
ဘယ်သူက သူ့ကို လမ်းထဲမှာ တွေ့ခဲ့သနည်း။

## ၅။ သဒ္ဒါရှင်းလင်းချက်

၁ အချိန်အတိအကျ ပါယင် အရင်က လုပ်ခဲ့တဲ့ အလုပ်တွေကို Past Tense နဲ့ ရေးရတယ်။

| | |
|---|---|
| 1 She *wrote* a letter *this morning.* | သူမ ဒီနေ့မနက် စာတစ်စောင် ရေးခဲ့သည်။ |
| 2 He *bought* a new book *yesterday.* | သူ မနေ့က စာအုပ်အသစ်တစ်အုပ် ဝယ်ခဲ့သည်။ |
| 3 I *did* my homework *last night.* | ကျွန်တော် လွန်ခဲ့သောညက အိမ်စာလုပ်ခဲ့သည်။ |
| 4 They *sold* their car *last week.* | သူတို့သည် သူတို့၏ ကားကို လွန်ခဲ့သောအပတ်က ရောင်းခဲ့သည်။ |

၂ အချိန်အတိအကျ မပါယင်တော့ လုပ်ပြီးသား အလုပ်တွေကို Present Perfect Tense နဲ့ ဖော်ပြရတယ်။ 'လုပ်ပြီးပြီ' လို့ အဓိပ္ပာယ်ရတယ်။

| | |
|---|---|
| 1 She *has written* a letter. | သူမ စာတစ်စောင် ရေးပြီးပြီ။ |
| 2 He *has bought* a new book. | သူ စာအုပ်အသစ်တစ်အုပ် ဝယ်ပြီးပြီ။ |
| 3 I *have done* my homework. | ကျွန်တော် အိမ်စာ လုပ်ပြီးပြီ။ |
| 4 They *have sold* their car. | သူတို့ ကားရောင်းပြီးပြီ။ |

၃ 'ဘာလုပ်ပြီးပြီလဲ' လို့ မေးချင်ယင်လည်း Present Perfect Tense ကို သုံးရတယ်။ လုပ်ပြီးခဲ့တဲ့ အချိန် အတိအကျ မပါရဘူး။

| | |
|---|---|
| 1 What *has* she *written*? | သူမ ဘာရေးပြီးပြီလဲ။ |
| 2 What *has* he *bought*? | သူ ဘာဝယ်ပြီးပြီလဲ။ |
| 3 What *have* you *done*? | မင်း ဘာလုပ်ပြီးပြီလဲ။ |

4 What *have* they *sold*? သူတို့ ဘာရောင်းပြီးပြီလဲ။

၄ 'ဘယ်အချိန်က လုပ်ခဲ့သလဲ' လို့ မေးချင်ယင်တော့ Past Tense ကို သုံးရတယ်။

1 When *did* she *write* a letter? သူမ ဘယ်အချိန်က စာတစ်စောင် ရေးခဲ့သလဲ။
2 When *did* he *buy* a new book? သူ ဘယ်အချိန်က စာအုပ်အသစ်တစ်အုပ် ဝယ်ခဲ့သလဲ။
3 When *did* you *do* your homework? မင်း ဘယ်အချိန်က အိမ်စာ လုပ်ခဲ့သလဲ။
4 When *did* they *sell* their car? သူတို့ ဘယ်အချိန်က ကားရောင်းခဲ့သလဲ။

### ၆။ နောက်ဆက်တွဲလေ့ကျင့်ခန်းများ

***1 Answer the questions as in No. 1.***

1 He broke his pen yesterday.
What has he broken? He has broken his pen.
When did he break it? He broke it yesterday.

2 She ate her cake yesterday.
What has she eaten?
When did she eat it?

3 He lost his ring yesterday.
What has he lost?
When did he lose it?

4 He tore his shirt last week.
What has he torn?
When did he tear it?

5 She mended the shirt last week.
What has she mended?
When did she mend it?

6 He wrote a letter last night.
What has he written?
When did he write it?

7 He posted the letter this morning.
What has he posted?
When did he post it?

8 She drew a picture last night.
What has she drawn?
When did she draw it?

9 They sold their house last week.
What have they sold?
When did they sell it?

10 They bought a new car this morning.
What have they bought?
When did they buy it?

***2 Fill each blank with a suitable word.***

1 He p__________ the letter yesterday.
2 I have f__________ my homework.
3 He bought a r__________ for his wife.
4 It is d__________ inside the house. There is no light.
5 He is a f__________ man. He is not wise.

***3 Fill each blank with a suitable prepostion.***

1 He went home __________ his wife.
2 He bought a gold ring __________ her.
3 He looked for the ring __________ the floor.
4 It is dark __________ the house.
5 There is more light __________ the street.

***4 Give the plural form of the following words.***

1 wife 2 knife 3 handkerchief 4 dress 5 ring

# LESSON 6 The Moon in the Well

## ၁။ ဝေါဟာရများ

**Exercises**

| | | | |
|---|---|---|---|
| sorry | ဆောရီး | *adj* | (သဘောမတူကြောင်း၊ မလိုက်လျောနိုင်ကြောင်း စသည် ပြောလိုသည့်အခါ သုံးသော စကား) စိတ် မကောင်းပါဘူး၊ ဝမ်းနည်းပါတယ်၊ တောင်းပန်ပါတယ် |
| He's | ဟီး(ဇ်) | | He is, He has တို့၏ အတိုကောက် |
| She's | ရှီး(ဇ်) | | She is, She has တို့၏ အတိုကောက် |
| careful | ကဲ(ယား)ဖူ(လ်) | *adj* | သတိထားသော၊ သတိရှိသော |
| be careful | | | သတိထားပါ |
| ever | အက်ဗား | *adv* | (အမေးဝါကျများတွင် Perfect tense နှင့် တွဲ၍ သုံးသည်) — ဖူး(သလား) |
| already | အော(လ်)ရက်ဒီ | *adv* | အတိတ်ကာလမှ ရည်ညွှန်းသော အချိန်မတိုင်မီက။ ပြီးနှင့်ပြီ။ (ရောက်၊ ရှိ သွား) နှင့်ပြီ |
| toy | တော(အီး) | *n* | ကလေးကစားစရာ |
| begin | ဘစ်ဂင်း(န်) | *v* | စတင်သည် |
| Japan | ဂျာ့ပဲင်း(န်) | *n* | ဂျပန်နိုင်ငံ |
| England | အင်းဂလန်(န်ဒ်) | *n* | အင်္ဂလန်နိုင်ငံ |
| use | ယူး(ဇ်) | *v* | အသုံးပြုသည်၊ သုံးသည် |
| tiger | တိုက်ဂါး | *n* | ကျား |
| mosquito | မာ့စကီးတိုး | *n* | ခြင် |
| watch | ဝေါ့(ချ်) | *v* | ကြည့်သည်၊ ရှုစားသည် |
| arm | အား(မ်) | *n* | လက်မောင်း |
| mirror | မစ်ရာ | *n* | မှန်၊ ကြည့်မှန် |
| thunder | သန်းဒါး | *n* | ခြိမ်းသံ၊ မိုးချုန်းသံ |
| lightning | လိုက်(ထ်)နင်း(ဂ်) | *n* | လျှပ်စီးလက်ခြင်း၊ လျှပ်စီး |

**Passage**

| | | | |
|---|---|---|---|
| moon | မူး(န်) | *n* | (*usually* **the moon**) လ |
| fall | ဖော(လ်) | *v* | ကျသည်၊ ပြုတ်ကျသည် |
| fell | ဖက်(လ်) | *v* | ကျခဲ့သည်၊ ပြုတ်ကျခဲ့သည် |
| fallen | ဖောလန်း(န်) | *v* | ကျပြီးပြီ၊ ပြုတ်ကျပြီးပြီ |
| hook | ဟွတ်(ခ်) | *n* | ချိတ် |
| tie | တိုက် | *v* | ချည်နှောင်သည် |
| pull | ပွတ်(လ်) | *v* | ဆွဲသည် |
| well | ဝက်(လ်) | *n* | ရေတွင်း |
| reach | ရီး(ချ်) | *v* | ရောက်သည် |
| then | သင်းန် | *adv* | ထို့နောက်၊ ပြီးနောက် |
| underneath | အန်ဒါ့နီး(သ်) | *prep* | အောက်တွင် |
| bottom | ဘော့တန်(မ်) | *n* | (ရေတွင်း) ကြမ်းပြင် |
| stone | စတုန်း(န်) | *n* | ကျောက်ခဲ၊ ကျောက်တုံး |
| again | အဂင်းန် | *adv* | နောက်ထပ်၊ နောက်တစ် ကြိမ် |
| fly | ဖလိုင်း | *v* | ပျံသည် |
| flew | ဖလူး | *v* | ပျံခဲ့သည် |
| back | ဘက်(ခ်) | *n* | ကျောဘက်၊ နောက်ကျော |
| | | *adv* | ပြန်၍ (ထားသည်) |
| above | အဘတ်(ဗ်) | *prep* | အထက်တွင် |
| good | ဂွတ်(ဒ်) | *adj* | (သဘောတူခြင်း၊ နှစ်ခြိုက်ခြင်းပြ အာမေဍိတ်စကား) |

## ၂။ ကြိယာသဏ္ဌာန်များ

**Passage**

| | | | | |
|---|---|---|---|---|
| fall | fell | fallen | falling | ကျသည်၊ ပြုတ်ကျသည် |
| fly | flew | flown | flying | ပျံသည် |
| use | used | used | using | အသုံးပြုသည်၊ သုံးသည် |

## ၃။ စကားလုံးတွဲများ

**Exercises**

| | | |
|---|---|---|
| put away | *PHR V* | သိမ်းသည် |
| have been to | | ရောက်ဖူးသည် |
| make up | *PHR V* | ဖွဲ့စည်းသည် |


**Passage**

| | | |
|---|---|---|
| in the well | | ရေတွင်းထဲမှာ |
| in the water | | ရေထဲမှာ |
| looked down a well | | ရေတွင်းတစ်တွင်းထဲသို့ ငုံ့ကြည့်ခဲ့သည် |
| was like a mirror | | ကြည့်မှန်တစ်ချပ်နှင့် တူခဲ့သည် |
| fallen down the well | | ရေတွင်းထဲသို့ ကျသွားပြီ |
| into his house | | သူ့အိမ်ထဲသို့ |
| get it out | *PHR V* | ၎င်းကို ထုတ်ယူသည်၊ ဆယ်ယူသည် |
| brought out | | ထုတ်ယူလာခဲ့သည် |
| a piece of rope | | ကြိုးတစ်ချောင်း |
| tied the hook to the rope | | ကြိုးကို ချိတ်မှာ ချည်လိုက်သည် |
| pull it up | | ၎င်းကို ဆွဲယူသည် |
| bottom of the well | | ရေတွင်း၏ ကြမ်းပြင် |
| let the hook down into the well | | ချိတ်ကို ရေတွင်းထဲသို့ ကျသွားစေသည်၊ ချလိုက်သည် |
| come up | | တက်လာသည် |
| got caught | | ညိနေခဲ့သည်၊ ညပ်နေခဲ့သည် |
| underneath a big stone | | ကျောက်တုံးကြီးတစ်တုံး၏ အောက်တွင် |
| flew up | | အပေါ်သို့ ပျံတက်လာခဲ့သည် |
| fell on his back | | ပက်လက်လန် လဲခဲ့သည် |
| above him | | သူ့အထက်တွင် |
| in the sky | | ကောင်းကင်မှာ |
| put the moon back in the sky | | လကို ကောင်းကင်မှာ ပြန်ထားလိုက်သည် |
| all the time | *IDM* | အမြဲ၊ အမြဲတမ်း |

## ၄။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာနှင့် လေ့ကျင့်ခန်းများ

*1* **gone = သွားပြီးပြီ**

U Mya *has gone* to Mandalay.
ဦးမြ မန္တလေးမြို့သို့ သွားပြီ။



May I speak to U Mya, please?
ကျေးဇူးပြု၍ ကျွန်တော် ဦးမြနဲ့ စကားပြောပါရစေ။
I'm sorry. He's not here. He's gone to Mandalay.
ကျွန်တော် ဝမ်းနည်းပါတယ်။ သူ ဒီမှာ မရှိပါဘူး။ သူ မန္တလေးမြို့သို့ သွားပြီ။

***Read these sentences and practise the same conversation.***

1 U Ba Aye has gone to Taungoo. ဦးဘအေး တောင်ငူမြို့သို့ သွားပြီ။
2 Daw Than has gone to Taunggyi. ဒေါ်သန်း တောင်ကြီးမြို့သို့ သွားပြီ။
3 Daw Win has gone to Sagaing. ဒေါ်ဝင်း စစ်ကိုင်းမြို့သို့ သွားပြီ။
4 Kyaw Kyaw has gone to Bagan. ကျော်ကျော် ပုဂံသို့ သွားပြီ။
5 Mu Mu has gone to Pyin Oo Lwin. မူမူ ပြင်ဦးလွင်မြို့သို့ သွားပြီ။
6 U Khin has gone to Pa-an. ဦးခင် ဖားအံမြို့သို့ သွားပြီ။
7 Daw Tin has gone to the cinema. ဒေါ်တင် ရုပ်ရှင်သို့ သွားပြီ။
8 Mg Myo has gone to the beach. မောင်မျိုး ပင်လယ်ကမ်းခြေသောင်ယံသို့ သွားပြီ။

**2 already**

***Make replies like the ones in bold letters.***

e.g.- When is Si Si going to school? **She has already gone.**
Kyaw Kyaw must read this book. **He has already read it.**
Be careful! You will tear your coat. **I have already torn it.**

1 When will she buy the book?
2 When does the lesson begin?
3 Kyaw Kyaw must find his book.
4 Be careful! You will tear your shirt.
5 Mu Mu must write a letter.
6 The children must put away their toys.
7 When will you do your homework?
8 When are the boys going home?
9 Be careful! You will drop your books.
10 When will you tell your mother?

**3 *Reply to the questions using*** already ***and the words in brackets as in No. 1.***

1 When will you begin the book? (yesterday)
I have **already** begun it. I began it **yesterday**.
2 When will she buy the bag? (yesterday)
She has ____________ bought it. She ____________ it ____________.
3 When will Daw Aye wash the clothes? (this morning)
____________ already ____________ them. She ____________ this morning.
4 When will U Aye go to Sagaing? (this morning)
____________ gone to Sagaing. He went there ____________.
5 When will the men paint the house? (last week)
They ______________________________________.
6 When will he sell the house? (last month)
7 When will Mu Mu finish the book? (last night)
She ______________________________________.
8 When will Tun Tun do his homework? (this afternoon)
9 When will Daw Nu mend the shirt? (last night)
10 When will the lesson begin? (at nine o'clock)
11 When will the man mend the window? (yesterday)
12 When will you post the letter? (this morning)
I ______________________________________.

9 Have you ever bought a book? (Yes)
10 Have you ever been to the cinema? (Yes)

***8 Read aloud and spell.***

| | | |
|---|---|---|
| cry | ခရိုင်း | *v* ၁။ ငိုသည် ၂။ အော်သည် |
| | | *n* ၁။ ငိုသံ ၂။ အော်ဟစ်သံ |
| sky | စကိုင်း | ကောင်းကင် |
| eye | အိုင်း | မျက်စိ၊ မျက်လုံး |
| my | မိုင်း | ကျွန်ုပ်၏ |
| tie | တိုင်း | ၁။ ချည်နှောင်သည် ၂။ တွဲချည်သည် |
| high | ဟိုက် | *adj* မြင့်သော၊ *adv* မြင့်မားစွာ၊ မြင့်မြင့် |
| light | လိုက်(ထ်) | *n* အလင်းရောင်၊ *v* (မီး)ထွန်းထားသည် |
| tight | တိုက်(ထ်) | မြဲသော၊ မလှုပ်သာသော |
| night | နိုက်(ထ်) | ည |
| tonight | တူနိုက်(ထ်) | ယနေ့ည |

*9*

## The Moon in the Well
## ရေတွင်းထဲမှ လ




One night, a foolish man looked down a well.
တစ်ညသောအခါ စဉ်းစားဉာဏ်မရှိသော လူတစ်ယောက်သည် ရေတွင်းတစ်တွင်းထဲသို့ ငုံ့ကြည့်ခဲ့သည်။
The water in the well was like a mirror.
ရေတွင်းထဲမှ ရေသည် ကြည့်မှန်တစ်ချပ်နှင့် တူလေသည်။
There in the water he saw the moon.
သူသည် ရေထဲမှာ လကို မြင်ရသည်။

"Oh!" he said. "The moon has fallen down the well. I must get it out."
"အိုး၊ လကြီး ရေတွင်းထဲ ကျသွားပြီ။ ငါ ဆယ်ယူရမယ်" သူက ပြောသည်။



He ran into his house and brought out a piece of rope and a hook.
သူသည် အိမ်ထဲသို့ ပြေးဝင်သွားပြီး ကြိုးတစ်ချောင်းနှင့် ချိတ်တစ်ခုကို ထုတ်ယူလာသည်။
He tied the hook to the rope and then he let the hook down into the well.
သူသည် ကြိုးကို ချိတ်မှာ ချည်ပြီးနောက် ယင်းချိတ်ကို ရေတွင်းထဲသို့ ချလိုက်သည်။
He wanted the hook to catch the moon and pull it up.
သူသည် လကို ချိတ်နှင့် ချိတ်၍ အပေါ်သို့ ဆွဲယူလိုသည်။

The hook reached the water and then it reached the bottom of the well.
ချိတ်သည် ရေနှင့် ထိပြီးနောက် ရေတွင်း၏ ကြမ်းပြင်သို့ ရောက်သွားသည်။
Then the man pulled the rope, but the hook did not come up.
ထို့နောက် ထိုသူသည် ကြိုးကို ဆွဲယူသည်။ သို့သော် ချိတ်သည် အပေါ်သို့ တက်မလာချေ။
It had got caught underneath a big stone.
ယင်းသည် ကျောက်တုံးကြီးတစ်တုံးအောက်တွင် ညပ်နေသည်။



The man pulled again, and this time he pulled very hard.
ထိုသူသည် နောက်တစ်ကြိမ် ဆွဲပြန်သည်။ ဤအကြိမ်တွင် သူသည် အလွန်ပြင်းပြင်း ဆွဲလိုက်သည်။
The hook flew up the well.
ချိတ်သည် ရေတွင်းအပေါ်သို့ ပျံတက်သွားသည်။

The man fell on his back, and he saw the sky above him.
သူသည် ပက်လက်လန် လဲ၍ သူ့အထက်မှာ ကောင်းကင်ကို မြင်ရသည်။
And there, he saw the moon.
ပြီးတော့ အဲဒီမှာ သူသည် လကို မြင်ရသည်။

"Good!" he said. "I've put the moon back in the sky."
"ကောင်းတယ်၊ ငါ လကို ကောင်းကင်မှာ ပြန်တင်ထားလိုက်ပြီ" ဟု သူက ပြောလိုက်လေသည်။

***Answer the questions.***

1 Who looked down a well one night?
တစ်ညမှာ ဘယ်သူ ရေတွင်းထဲသို့ ငုံ့ကြည့်ခဲ့သနည်း။
2 What did he see in the well?
သူသည် ရေတွင်းထဲမှာ ဘာကို မြင်ခဲ့ရသနည်း။
3 What was the water in the well like?
ရေတွင်းထဲက ရေသည် ဘာနှင့် တူခဲ့သနည်း။
4 What did the man bring out from his house?
ထိုလူသည် အိမ်ထဲမှ ဘာကို ထုတ်ယူလာခဲ့သနည်း။
5 What did the man want the hook to do?
ထိုလူသည် ချိတ်ကို ဘာလုပ်ချင်ခဲ့သနည်း။
6 What did the hook reach first?
ချိတ်သည် ပထမ ဘယ်ကို ရောက်သွားခဲ့သနည်း။
7 What did the hook reach next?
နောက် ချိတ် ဘယ်ရောက်သွားခဲ့သနည်း။
8 How did the man fall?
ထိုလူသည် ဘယ်လို လဲကျခဲ့သနည်း။
9 What did he see in the sky?
သူသည် ကောင်းကင်မှာ ဘာကို မြင်ခဲ့ရသနည်း။
10 Where was the moon all the time?
လသည် ဘယ်မှာ အမြဲတမ်း ရှိနေခဲ့သနည်း။

### ၅။ သဒ္ဒါရှင်းလင်းချက်

၁ 'အလုပ်တစ်ခုခုကို လုပ်ပြီးပြီ' လို့ ပြောချင်ယင် Present Perfect Tense နဲ့ already ကို တွဲသုံးရတယ်။

| | |
|---|---|
| 1 I *have already done* my homework. | ကျွန်တော် အိမ်စာကို လုပ်ပြီးပြီ။ |
| 2 She *has already washed* the clothes. | သူမ အဝတ်တွေကို လျှော်ဖွပ်ပြီးပြီ။ |
| 3 They *have already sold* their car. | သူတို့သည် သူတို့၏ကားကို ရောင်းပြီးပြီ။ |

**မှတ်ချက်။** လုပ်ပြီးခဲ့တဲ့ အချိန် အတိအကျပါယင် Past Tense ကို သုံးရတယ်။ မပါယင် Persent Perfect Tense ကို သုံးရတယ်။

| | |
|---|---|
| 1 I *have already done* my homework. | ကျွန်တော် အိမ်စာကို လုပ်ပြီးပြီ။ |
| I *did* my homework *last night*. | ကျွန်တော် လွန်ခဲ့သောညက အိမ်စာကို လုပ်ခဲ့သည်။ |
| 2 They *have already sold* their car. | သူတို့သည် သူတို့၏ကားကို ရောင်းပြီးပြီ။ |
| They *sold* their car *yesterday*. | သူတို့သည် သူတို့၏ကားကို မနေ့က ရောင်းခဲ့သည်။ |

၂ 'လုပ်ဖူးသည်' 'မြင်ဖူးသည်' 'ရောက်ဖူးသည်' လို့ ပြောချင်ယင် Present Perfect Tense ကို သုံးရတယ်။

| | |
|---|---|
| 1 I *have cooked* a meal. | ကျွန်တော် ထမင်းဟင်း ချက်ဖူးသည်။ |
| 2 He *has seen* a tiger. | ကျွန်တော် ကျားကို မြင်ဖူးသည်။ |
| 3 The *have been* to Mandalay. | သူတို့ မန္တလေးမြို့သို့ ရောက်ဖူးကြသည်။ |

၃ 'မလုပ်ဖူးပါ' 'မမြင်ဖူးပါ' 'မရောက်ဖူးပါ' လို့ ပြောချင်ယင် Present Perfect Tense ကို never နဲ့ တွဲသုံးရတယ်။

| | |
|---|---|
| 1 I *have never cooked* a meal. | ကျွန်တော် ထမင်းဟင်း မချက်ဖူးပါ။ |
| 2 He *has never seen* a tiger. | ကျွန်တော် ကျားကို မမြင်ဖူးပါ။ |
| 3 They *have never been* to Mandalay. | သူတို့ မန္တလေးမြို့သို့ မရောက်ဖူးကြပါ။ |

၄ 'လုပ်ဖူးသလား' 'မြင်ဖူးသလား' 'ရောက်ဖူးသလား' လို့ မေးချင်ယင် Present Perfect Tense နဲ့ ever ကို တွဲသုံးရတယ်။

| | |
|---|---|
| 1 *Have* you *ever cooked* a meal? | မင်း ထမင်းဟင်း ချက်ဖူးသလား။ |
| 2 *Have* you *ever seen* a tiger? | မင်း ကျားကို မြင်ဖူးသလား။ |
| 3 *Have* you *ever been* to Mandalay? | မင်း မန္တလေးမြို့သို့ ရောက်ဖူးသလား။ |

**ဗ။ နောက်ဆက်တွဲလေ့ကျင့်ခန်းများ**

***1 Answer the questions as in No. 1.***

1 Have you ever played football?
Yes, I have often played football.
No, I have never played football.
2 Have you ever eaten meat?
3 Have you ever swum in the river?
4 Have you ever used a telephone?
5 Have you ever watched television?
6 Have you ever climbed a tree?
7 Have you ever broken your leg?
8 Have you ever been to Ngapali?
9 Have you ever lost an umbrella?
10 Have you ever seen a lion?

***2 Fill each blank with a suitable word.***

1 The m__________ is round like a ball.
2 There is water in the w__________.
3 I can see myself in the m__________.
4 He tied the cow to a r__________.
5 Our house is at the b__________ of a hill.

***3 Fill each blank with a suitable preposition.***

1 There is some water __________ the pot.
2 He ran __________ the house.
3 He brought out a piece __________ rope.
4 He tied a hook __________ a rope.
5 He fell __________ his back.

***4 Rewrite the following sentences in the past tense. Put*** **yesterday** ***at the end.***

1 He has seen the doctor.
2 The bucket has fallen down the well.
3 I have got some pocket money.
4 He has caught a big fish.
5 The bird has flown away.

## LESSON 7

# The Fire (1)

### ၁။ ဝေါဟာရများ

**Exercises**

| | | | |
|---|---|---|---|
| map | မဲက်(ပ်) | *n* | မြေပုံ |
| just | ဂျတ်(စ်ထ်) | *adv* | ခုတင်၊ ခုပဲ၊ ခုပင် |
| almost | အော(လ်)မို့(စ်ထ်) | *adv* | လုနီးပါး၊ နီးနီး |
| reader | ရီးဒါး | *n* | ဖတ်စာအုပ် |
| the end | သ အဲင်းန်(ဒ်) | *n* | အဆုံး၊ နိဂုံး |
| drink | ဒရင့်(ခ်) | *n* | (ရေ စသည်) သောက်ခြင်း၊ တစ်ခွက် |
| ladder | လဲက်ဒါ | *n* | လှေကားရှင် |
| newspaper | နယူး(စ်)ပေပါ | *n* | သတင်းစာ |
| yet | ယက်(ထ်) | *adv* | ယခုထိ။ —သေး (မလုပ်သေး၊ မဖြစ်သေး) |

**Passage**

| | | | |
|---|---|---|---|
| fire | ဖိုင်းယား | *n* | ၁။ မီး ၂။ မီးလောင်ခြင်း |
| town | တောင်း(န်) | *n* | မြို့ |
| still | စတစ်(လ်) | *adv* | ထက်တိုင်၊ အထိ၊ သေး၊ တုန်း |
| geography | ဂျီအော့ဂရာဖီ | *n* | ပထဝီဝင် |
| dictionary | ဒစ်(ခ်)ရှန်နရီ | *n* | အဘိဓာန် |
| forget | ဖော့ဂက်(ထ်) | *v* | မေ့လျော့သည်၊ သတိမရ |
| forgot | ဖော့ဂေါ့(ထ်) | *v* | မေ့လျော့ခဲ့သည် |
| forgotten | ဖော့ဂေါ့တင်း(န်) | *v* | မေ့လျော့သွားပြီ |
| remember | ရစ်မင်းမ်ဘား | *v* | မှတ်မိသည်၊ အမှတ်ရသည်၊ သတိရသည် |
| oh | အိုး | *interj* | (အလေးဂရုပြုစေလိုသည့် ဆန္ဒဖြင့် သုံးသောစကား) အို |
| able | အေးဘော့(လ်) | *adj* | — နိုင်သော |
| wait | ဝိတ်(ထ်) | *v* | စောင့်သည်၊ စောင့်ဆိုင်းသည် |
| minute | မစ်နစ်(ထ်) | *n* | တိုတောင်းသောအချိန်၊ တဒင်္ဂ၊ ခဏ |
| point | ပွိုင့်(ထ်) | *v* | လက်ညှိုးဖြင့် ညွှန်ပြသည်၊ လက်ညှိုးထိုးသည် |
| group | ဂရူး(ပ်) | *n* | အစုအဝေး၊ အုပ်စု |
| people | ပီးပ့(လ်) | *n* | လူများ |
| pavement | ပေး(ဗ်)မန့်(ထ်) | *n* | လူသွားစင်္ကြံ၊ ပလက်ဖောင်း |
| upwards | အတ်(ပ်)ဝဒ့်(ဒ်ဇ်) | *adv* | မော့၍ (ကြည့်သော) |
| top | တော့(ပ်) | *n* | ထိပ် |
| large | လား(ဂျ်) | *adj* | ကြီးသော |
| building | ဘစ်(လ်)ဒင်း(ဂ်) | *n* | အဆောက်အအုံ |
| office | အော့ဖစ်(စ်) | *n* | ရုံး၊ ရုံးခန်း |
| smoke | စမုတ်(ခ်) | *n* | မီးခိုး |
| telephone | တက်လစ်ဖုန်း(န်) | *n* | တယ်လီဖုန်း |
| | | *v* | တယ်လီဖုန်းဆက်သည် |
| bookshop | ဘွတ်(ခ်)ရှော့(ပ်) | *n* | စာအုပ်ဆိုင် |
| quickly | ကွစ်ခလီ | *adv* | အမြန်၊ မြန်မြန် |
| show | ရှိုး | *v* | ညွှန်သည်၊ ပြသည် |
| know | နိုး | *v* | သိသည်၊ နားလည်သည် |
| knew | နယူး | *v* | သိခဲ့သည်၊ နားလည်ခဲ့သည် |
| call | ကော(လ်) | *v* | ဖုန်းဆက်ခေါ်သည် |
| brigade | ဘရစ်ဂိတ်(ဒ်) | *n* | တပ်ဖွဲ့ |
| Fire Brigade | ဖိုင်းယား ဘရစ်ဂိတ်(ဒ်) | *n* | မီးသတ်တပ်ဖွဲ့ |
| after | အားဖတား | *prep* | ပြီး၊ နောက် |
| second | ဆက်ကန်(န်ဒ်) | *n* | စက္ကန့် (အချိန်) |
| voice | ဗွိုက်(စ်) | *n* | အသံ |
| where | ဝဲ(ယား) | *adv* | ဘယ်မှာ(လဲ) |

## ၂။ ကြိယာသဏ္ဌာန်များ

**Passage**

| | | | | |
|---|---|---|---|---|
| forget | forgot | forgotten | forgetting | မေ့လျော့သည်၊ သတိမရ |
| show | showed | shown | showing | ပြသည် |
| remember | remembered | remembered | remembering | မှတ်မိသည်၊ အမှတ်ရသည်၊ သတိရသည် |
| point | pointed | pointed | pointing | လက်ညှိုးဖြင့် ညွှန်ပြသည်၊ လက်ညှိုးထိုးသည် |
| telephone | telephoned | telephoned | telephoning | တယ်လီဖုန်းဆက်သည် |
| call | called | called | calling | ဖုန်းဆက်ခေါ်သည် |

## ၃။ စကားလုံးတွဲများ

**Exercises**

| | | |
|---|---|---|
| Would you like ..... | | သင် — လိုသလား၊ သင် — ချင်သလား |
| no, thank you | IDM | မလိုပါဘူး ရှင်/ခင်ဗျား၊ ကျေးဇူးတင်ပါတယ် |

**Passage**

| | | |
|---|---|---|
| in town | | မြို့တွင်း |
| into this shop | | ဤဆိုင်ထဲသို့ |
| into this bookshop | | ဤစာအုပ်ဆိုင်ထဲသို့ |
| wait a minute | IDM | ခဏ စောင့်ပါဦး |
| pointed to | | လက်ညှိုးထိုးပြခဲ့သည် |
| group of people | | လူအုပ်စု |
| on the pavement | | လူသွားစင်္ကြံပေါ်တွင်၊ ပလက်ဖောင်းပေါ်တွင် |
| pointing upwards | | မော့၍ လက်ညှိုးထိုးပြနေသည် |


| | |
|---|---|
| top of a large building | အဆောက်အအုံကြီးတစ်ခု၏ ထိပ် |
| on fire | မီးလောင်နေသော |
| use the telephone | တယ်လီဖုန်းအသုံးပြုသည်၊ တယ်လီဖုန်းဆက်သည် |
| for help | အကူအညီအတွက် |
| about the fire | မီးလောင်ခြင်းအကြောင်း |
| what to do | ဘာလုပ်ရန် |
| after two or three second | နှစ်စက္ကန့် သုံးစက္ကန့်မျှကြာသောအခါ |

## ၄။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာနှင့် လေ့ကျင့်ခန်းများ

*1 Read and answer the questions.*

Has Si Si drawn the map?
စီစီ မြေပုံကို ဆွဲပြီးပြီလား။

No, she ***has just begun*** to draw it.
မပြီးသေးပါ၊ သူမ ထိုဟာကို ခုပဲ စဆွဲနေပြီ။



Si Si

Has Mg Myo drawn the map?
မောင်မျိုး မြေပုံကို ဆွဲပြီးပြီလား။

No, he ***is drawing*** it now.
မပြီးသေးပါ၊ သူ ထိုဟာကို ယခု ဆွဲနေဆဲပါ။



Mg Myo

Has Mu Mu drawn the map?
မူမူ မြေပုံကို ဆွဲပြီးပြီလား။

No, but she ***has almost finished*** drawing it.
မပြီးသေးပါ၊ ဒါပေမဲ့ သူမ ထိုဟာကို ဆွဲလို့ ပြီးလုနီးနေပြီ။



Mu Mu

Has Kyaw Kyaw drawn the map?
ကျော်ကျော် မြေပုံကို ဆွဲပြီးပြီလား။

Yes, he ***has just drawn*** it.
ဟုတ်ကဲ့၊ သူ ထိုဟာကို ခုပဲ ဆွဲပြီးသွားပြီ။



Kyaw Kyaw

Has Si Si read her book?
စီစီ သူမ၏ စာအုပ်ကို ဖတ်ပြီးပြီလား။

No, she ***has just begun*** to read it.
မပြီးသေးပါ၊ သူမ ထိုဟာကို ခုပဲ စဖတ်နေပြီ။



Si Si's book

Has Kyaw Kyaw read his book?
ကျော်ကျော် သူ့စာအုပ်ကို ဖတ်ပြီးပြီလား။

No, he ***is reading*** it now.
မပြီးသေးပါ၊ သူ ထိုဟာကို ယခု ဖတ်နေဆဲပါ။




Kyaw Kyaw's book

Has Mg Myo read his book?
မောင်မျိုး သူ့စာအုပ်ကို ဖတ်ပြီးပြီလား။

No, but he ***has almost finished*** reading it.
မပြီးသေးပါ၊ ဒါပေမဲ့ သူ ထိုဟာကို ဖတ်လို့ ပြီးလုနီးနေပြီ။



Mg Myo's book


Has Mu Mu read her book?
မူမူ သူမ၏ စာအုပ်ကို ဖတ်ပြီးပြီလား။

Yes, she ***has just read*** it.
ဟုတ်ကဲ့၊ သူမ ထိုဟာကို ခုပဲ ဖတ်ပြီးသွားပြီ။




Mu Mu's book

Has Kyaw Kyaw climbed the ladder?
ကျော်ကျော် လှေကားရှင်ကို တက်ပြီးပြီလား။
Has Mg Myo climbed the ladder?
မောင်မျိုး လှေကားရှင်ကို တက်ပြီးပြီလား။
Has Mu Mu climbed the ladder?
မူမူ လှေကားရှင်ကို တက်ပြီးပြီလား။
Has Si Si climbed the ladder?
စီစီ လှေကားရှင်ကို တက်ပြီးပြီလား။




**2** ***Give oral replies like the ones in bold letters.***

e.g.- Would you like a drink? (had one)
**No, thank you. I've just had one.**

Would you like to read this book? (read it)
**No, thank you. I've just read it.**

1 Would you like a sweet? (had one)
2 Would you like to read the newspaper? (read it)
3 Would you like some more meat? (had some)
4 Would you like a swim? (had one)
5 Would you like some new shoes? (bought some)
6 Would you like an ice-cream? (had one)

**3** ***Give replies like the ones in bold letters.***

e.g.- a Have you read the book yet?
b **No, but I've almost read it.**

a Have you finished your homework?
b **No, but I've almost finished it.**

1 Have you read the newspaper yet?
2 Have you written the letter yet?
3 Have you done the work yet?
4 Have you cleaned the blackboard yet?
5 Have you finished the exercise yet?
6 Have you drawn the picture yet?

**4** ***A Write replies like the first one.***

1 Would you like a pen? (bought one)
No, thank you. I have just *bought one.*

2 Would you like a drink? (had one)
No, ___________. I ___________ just ___________.

3 Would you like an apple?. (eaten one)
4 Would you like some sweets? (bought some)
5 Would you like to read this newspaper? (read it)

***B Write replies like the first one.***

1 Have you done your homework yet?
**No, but I have almost done it.**


2 Have you written the letter yet?
**No, but** ______________________________.

3 Have you finished the work yet?
4 Have you read the book yet?
5 Have you eaten the ice-cream yet?

## 5 The Fire (1)
## မီးလောင်ခြင်း (၁)

Kyaw Kyaw and Mu Mu were in town last Saturday.
ကျော်ကျော်နှင့် မူမူသည် လွန်ခဲ့သော စနေနေ့က မြို့တွင်းမှာ ရှိနေခဲ့ကြသည်။
They went there to buy some books.
သူတို့သည် စာအုပ်အချို့ ဝယ်ရန် ထိုနေရာသို့ သွားခဲ့ကြသည်။

"We have almost finished buying," said Mu Mu.
"ငါတို့ ဝယ်လို့ ပြီးလုနီးပြီ" ဟု မူမူက ပြောသည်။
"We have bought three books but there are still two books to buy. I want to buy a geography book and you want to buy a dictionary."
"ငါတို့ စာအုပ်သုံးအုပ် ဝယ်ပြီးပြီ။ ဒါပေမဲ့ နှစ်အုပ်ဝယ်ဖို့ ကျန်သေးတယ်။ ငါက ပထဝီဝင် စာအုပ်တစ်အုပ် ဝယ်ချင်ပြီး နင်က အဘိဓာန်တစ်အုပ် ဝယ်ချင်တယ်"



"No," said Kyaw Kyaw.
"မဟုတ်ဘူး" ဟု ကျော်ကျော်က ပြောသည်။
"I have already bought it. You have forgotten. I bought it yesterday. Don't you remember?"
"အဲဒါကို ငါ ဝယ်ပြီးပြီ။ နင် မေ့နေပြီ။ ငါ မနေ့က ဝယ်ခဲ့တယ်။ နင် သတိမရဘူးလား"

"Oh, yes," said Mu Mu.
"အို၊ ဟုတ်သားပဲ" ဟု မူမူက ပြောလိုက်သည်။
"Now I remember. Let's go into this shop. I shall be able to buy my book here."
"အခု ငါ သတိရပြီ။ ငါတို့ ဒီဆိုင်ထဲ ဝင်ကြစို့။ ငါ့စာအုပ်ကို ဒီမှာ ဝယ်နိုင်လိမ့်မယ်"

"Wait a minute," said Kyaw Kyaw.
"ခဏ စောင့်ပါဦး" ဟု ကျော်ကျော်က ပြောလိုက်သည်။
He pointed to a group of people.
သူသည် လူအုပ်စုတစ်အုပ်စုကို လက်ညှိုးထိုးပြသည်။
They were standing on the pavement.
သူတို့သည် ပလက်ဖောင်းပေါ်မှာ ရပ်နေကြသည်။
Some of them were pointing upwards to the top of a large building.
သူတို့ထဲက အချို့သည် အဆောက်အအုံကြီးတစ်ခု၏ ထိပ်သို့ လက်ညှိုးထိုးပြနေသည်။
It was an office.
၎င်းသည် ရုံးတစ်ရုံး ဖြစ်သည်။

"I can see some smoke," said Kyaw Kyaw.
"ငါ မီးခိုးတွေကို မြင်ရတယ်" ဟု ကျော်ကျော်က ပြောသည်။
"It must be on fire. We must telephone for help. Let's go into this bookshop and use the telephone."
"ဒါ မီးလောင်နေတာ ဖြစ်ရမယ်။ ငါတို့ တယ်လီဖုန်းဆက်ပြီး အကူအညီ တောင်းရမယ်။ ဒီစာအုပ်ဆိုင်ထဲ ဝင်ပြီး တယ်လီဖုန်း ဆက်ကြရအောင်"

They told the shopkeeper about the fire and he quickly showed Kyaw Kyaw the telephone.
သူတို့သည် ဆိုင်ရှင်ကို မီးလောင်ခြင်းအကြောင်း ပြောပြ၍ သူက ကျော်ကျော်အား တယ်လီဖုန်းကို မြန်မြန် လက်ညှိုးထိုးပြလိုက်သည်။
Kyaw Kyaw knew what to do.
ကျော်ကျော်က ဘာလုပ်ရမည်ကို နားလည်ပါသည်။
He called the Fire Brigade.
သူ မီးသတ်တပ်ဖွဲ့ကို ဖုန်းဆက်ခေါ်လိုက်သည်။

After two or three seconds a voice said, "Fire Brigade here. Where is the fire?"
နှစ်စက္ကန့် သုံးစက္ကန့်မျှ ကြာသောအခါ "မီးသတ်တပ်ဖွဲ့ကပါ။ ဘယ်မှာ မီးလောင်နေသလဲ" ဟု အသံ တစ်သံက မေးလေသည်။

***Answer the questions.***

1 When did Kyaw Kyaw and Mu Mu go to town?
ကျော်ကျော်နှင့် မူမူသည် မြို့တွင်းသို့ ဘယ်တုန်းက သွားခဲ့ကြသနည်း။
2 What did they go to town to buy?
သူတို့ ဘာဝယ်ရန် မြို့တွင်းသို့ သွားခဲ့ကြသနည်း။
3 Who wanted to buy a geography book?
ဘယ်သူသည် ပထဝီဝင် စာအုပ်တစ်အုပ်ကို ဝယ်ချင်ခဲ့သနည်း။
4 Where was the group of people?
လူအုပ်စုသည် ဘယ်မှာ ရှိနေခဲ့သနည်း။
5 What was the large building?
အဆောက်အအုံကြီးသည် ဘာဖြစ်သနည်း။
6 What did Kyaw Kyaw see?
ကျော်ကျော်သည် ဘာကို မြင်ရသနည်း။
7 What was on fire?
ဘာ မီးလောင်နေသနည်း။
8 Where did Kyaw Kyaw and Mu Mu go to telephone?
ကျော်ကျော်နှင့် မူမူသည် တယ်လီဖုန်းဆက်ရန် ဘယ်ကို ဝင်သွားခဲ့ကြသနည်း။
9 What did Kyaw Kyaw do there?
အဲဒီမှာ ကျော်ကျော် ဘာလုပ်ခဲ့သနည်း။

**၅။ သဒ္ဒါရှင်းလင်းချက်**

၁ 'ခုပဲ လုပ်ပြီးပြီ' လို့ ပြောချင်ယင် Present Perfect Tense နဲ့ just ကို တွဲသုံးရတယ်။

1 I *have just written* a letter. ကျွန်တော် စာတစ်စောင်ကို ခုပဲ ရေးပြီးပြီ။

| | |
|---|---|
| 2 He *has just drawn* a picture. | သူ ရုပ်ပုံတစ်ပုံကို ခုပဲ ဆွဲပြီးပြီ။ |
| 3 They *have just bought* a car. | သူတို့ ကားတစ်စီးကို ခုပဲ ဝယ်ပြီးပြီ။ |

**မှတ်ချက်။** လုပ်ပြီးခဲ့တဲ့အချိန် အတိအကျ ပါယင် Past Tense ကို သုံးရတယ်။

| | |
|---|---|
| 1 I *wrote* a letter *yesterday.* | ကျွန်တော် စာတစ်စောင်ကို မနေ့က ရေးခဲ့သည်။ |
| 2 He *drew* a picture *last night*. | သူ ရုပ်ပုံတစ်ပုံကို လွန်ခဲ့သောညက ဆွဲခဲ့သည်။ |
| 3 They *bought* a car *last week.* | သူတို့ ကားတစ်စီးကို လွန်ခဲ့သောအပတ်က ဝယ်ခဲ့သည်။ |

၂ 'လုပ်ပြီးပြီလား' လို့ မေးချင်ယင် Present Perfect Tense နဲ့ yet ကို တွဲသုံးရတယ်။

| | |
|---|---|
| 1 *Have* you *written* the letter *yet*? | သင် စာရေးပြီးပြီလား။ |
| 2 *Has* he *drawn* the picture *yet*? | သူ ရုပ်ပုံကို ဆွဲပြီးပြီလား။ |
| 3 *Have* they *bought* a car *yet*? | သူတို့ ကားတစ်စီးကို ဝယ်ပြီးပြီလား။ |

**မှတ်ချက်။** 'ဘယ်အချိန်က လုပ်ခဲ့သလဲ' လို့ မေးချင်ယင်တော့ Past Tense ကို သုံးရတယ်။

| | |
|---|---|
| 1 When *did* you *write* the letter? | သင် ဘယ်အချိန်က စာကို ရေးခဲ့သလဲ။ |
| 2 When *did* he *draw* the picture? | သူ ဘယ်အချိန်က ရုပ်ပုံကို ဆွဲခဲ့သလဲ။ |
| 3 When *did* they *buy* a car? | သူတို့ ဘယ်အချိန်က ကားတစ်စီးကို ဝယ်ခဲ့သလဲ။ |

## ၆။ နောက်ဆက်တွဲလေ့ကျင့်ခန်းများ

***1 Write questions and answers as in No. 1.***

1 I have broken my pencil.
When did you break it?
I broke it yesterday.
2 I have done my homework.
3 I have written the letter.
4 I have drawn the picture.
5 I have torn my shirt.
6 I have lost my ruler.
7 I have found my pen.
8 I have read the book.
9 I have heard the news.
10 I have posted the letter.

***2 Fill each blank with a suitable word.***

1 We usually buy books and pencils from this s__________.
2 They are drawing maps. They are learning g__________.
3 I have f__________ my new teacher's name.
4 I still r__________ my old teacher's name.
5 My brother works in an o__________.

***3 Fill each blank with a suitable preposition.***

1 I was __________ town last Sunday.
2 I went __________ the shop to buy a dictionary.
3 Kyaw Kyaw pointed __________ a group of people.
4 They were standing __________ the pavement.
5 A large building was __________ fire.

***4 Rewrite the following sentences in the Present Perfect tense. Use just.***

1 They finished their homework.
2 He bought a dictionary.
3 She washed the clothes.
4 I wrote a letter.
5 He drank a cup of tea.